ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

စာအမှတ်၊ ပကရ/ပက-လငခ/စီမံ(၁၂)/၂၀၂၀( ၄၉၇ )
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ( ၂၃ )ရက်

သို့

တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး
-------------------- တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန
နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး
နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

အကြောင်းအရာ။ **COVID-19 ရောဂါနှင့်စပ်လျဉ်း၍ အလုပ်လာရောက်ရန် ပျက်ကွက်သော အလုပ်သမားဦးရေအား သတင်းပေးပို့ရမည့်ကိစ္စအား အကြောင်းကြားခြင်း။**

ရည်ညွှန်းချက်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ (၁၅-၉-၂၀၂၀)ရက်စွဲပါ စာအမှတ်၊ ၁မဂ(COVID)၂၀၂၀/၁၆၆၅၅။

၁။ အထက်အကြောင်းအရာနှင့်ပတ်သက်၍ ယခုအချိန်တွင် COVID-19 ရောဂါသည် ဒေသတွင်းကူးစက်မှုများ ပိုမိုများပြားလာသဖြင့် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းခွင်များ၊ အလုပ်ဌာနများတွင် လုပ်သားတစ်ဦး ရောဂါကူးစက်လာပါက အတူတကွ အလုပ်လုပ်ရသော လုပ်သားများ၊ မိသားစုဝင်များအား ရောဂါကူးစက်နိုင်မည့် အခြေအနေကို အချိန်မီ ထိရောက်စွာ ကာကွယ်နိုင်ရန်အတွက် နေ့စဉ်သတင်းပေးပို့ရေးကိစ္စအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့တင်ပြခဲ့ရာ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးသို့ ပေးပို့နိုင်ပါရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်း ပြန်ကြားခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးတို့အနေဖြင့် သိရှိနိုင်ပါရန်နှင့် လိုအပ်သည်များ ဆက်လက်ဆောင်ရွက်သွားနိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

ပူးတွဲ- (၁) COVID-19 ရောဂါ သံသယလက္ခဏာရှိသူ/ Close Contact ဖြစ်သူ/ Contact ဖြစ်နိုင်ခြေရှိသူများအား စောင့်ကြပ်ကြည့်ရှု သတင်းပေးပို့ရမည့်ကိစ္စ

(၂) သတင်းပို့ရမည့်ပုံစံ(က) (စက်ရုံအဆင့် Covid-19 သံသယလက္ခဏာရှိသူ/ Close Contact ဖြစ်သူ/ Contact ဖြစ်နိုင်ခြေရှိသူများ စောင့်ကြပ်ကြည့်ရှု သတင်းပေးပို့ခြင်း - နေ့စဉ်)

(၃) သတင်းပို့ရမည့်ပုံစံ(ခ) (စက်မှုဇုန်/ မြို့နယ်/ တိုင်း၊ ပြည်နယ်အဆင့် Covid-19 သံသယ လက္ခဏာရှိသူ/ Close Contact ဖြစ်သူ/ Contact ဖြစ်နိုင်ခြေရှိ သူများစာရင်း)

22.9.20

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

(ဒေါက်တာထင်လင်း-ဒုတိယညွှန်ကြားရေးမှူးချုပ်)

မိတ္တူ-

- ရုံးလက်ခံ
- မျှောစာတွဲ

**COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ/ သံသယလက္ခဏာရှိသူ/ Close Contact ဖြစ်သူ/ Contact ဖြစ်နိုင်ခြေရှိသူများအား စောင့်ကြပ်ကြည့်ရှု သတင်းပေးပို့ရမည့်ကိစ္စ အကြောင်းကြားခြင်း**

ယခုအချိန်တွင် COVID-19 ရောဂါသည် ဒေသတွင်း ကူးစက်မှုများ ပိုမိုများပြားလာသဖြင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် လုပ်သားတစ်ဦး ရောဂါကူးစက်လာပါက အတူတကွ အလုပ်လုပ်ရသော လုပ်သားများ၊ မိသားစုဝင်များအား ရောဂါကူးစက်နိုင်မည့် အခြေအနေကို အချိန်မီ ထိရောက်စွာကာကွယ်နိုင်ရန်အတွက် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ အနေဖြင့် အောက်ဖော်ပြပါ အကြောင်းအချက်များရှိသည့် ပျက်ကွက်သော/ အလုပ်လာရောက်သော အလုပ်သမားဦးရေအား စာရင်းပြုစု၍ နေ့စဉ်သတင်းပို့ရမည် ဖြစ်ပါသည်-

၁။ **ဓာတ်ခွဲအတည်ပြုလူနာ-** ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဓာတ်ခွဲအတည်ပြုလူနာ ဟု စာရင်းထွက်ရှိပြီးသော လုပ်သားဦးရေ

၂။ **သံသယလက္ခဏာရှိသူ-** ဖျားခြင်း(အပူချိန် ၃၈˚ C/ ၁၀၀.၄˚ F နှင့်အထက်)၊ ချောင်းဆိုးခြင်း၊ အနံ့ပျောက်ခြင်း၊ အသက်ရှူရခက်ခဲခြင်းနှင့် အားအင်ကုန်ခမ်းခြင်း ဖြစ်နေသော အလုပ်သမားဦးရေ (သို့) COVID-19 ရောဂါ စောင့်ကြည့်လူနာအဖြစ် သတ်မှတ်ခြင်းခံရသော အလုပ်သမားဦးရေ

၃။ **Close Contact ဖြစ်သူ-** COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာနှင့် လွန်ခဲ့သော (၁၄) ရက်အတွင်း ထိတွေ့မှုရှိခဲ့သော အလုပ်သမားဦးရေ (COVID-19 ဓာတ်ခွဲအတည်ပြု လူနာနှင့် ၃ ပေ အကွာအဝေးအတွင်းတွင် ၁၅ မိနစ်ကျော်ကြာအောင် မျက်နှာချင်းဆိုင် ရှိခဲ့ဖူးခြင်း (သို့) COVID-19 ဓာတ်ခွဲအတည်ပြုလူနာနှင့် ခန္ဓာကိုယ်ချင်း ထိတွေ့မှု ရှိခဲ့ဖူးခြင်း (သို့) COVID-19 ဓာတ်ခွဲအတည်ပြုလူနာနှင့် ၃ ပေအကွာအဝေးအတွင်း အရပ်လေးမျက်နှာတွင် အတူထိုင်၍ ဝန်ထမ်းကြို/ပို့ယာဉ် စီးနင်းခဲ့ဖူးခြင်း)

၄။ **Contact ဖြစ်နိုင်ခြေရှိသူ-** ဖျားခြင်း(အပူချိန် ၃၈˚ C/ ၁၀၀.၄˚ F နှင့်အထက်)၊ ချောင်းဆိုးခြင်း၊ အနံ့ပျောက်ခြင်း၊ အသက်ရှူရခက်ခဲခြင်းနှင့် အားအင်ကုန်ခမ်းခြင်း ဖြစ်နေသော မိသားစုဝင် ရှိသည့် အလုပ်သမားဦးရေ (သို့) အသွားအလာ ကန့်သတ်ခြင်းခံရသူတို့နှင့် တစ်အိမ်တည်းတွင် အတူတကွ နေထိုင်သော အလုပ်သမားဦးရေ

**သတင်းပို့ရမည့်လမ်းကြောင်း**

- စက်ရုံ၊ အလုပ်ရုံများတွင် အထက်ဖော်ပြပါ အကြောင်းအချက်များ(ဓာတ်ခွဲအတည်ပြုလူနာ/ သံသယလက္ခဏာရှိသူ/ Close Contact ဖြစ်သူ/ Contact ဖြစ်နိုင်ခြေရှိသူ)ရှိသော အလုပ်သမားဦးရေအား စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် COVID-19 ရောဂါထိန်းချုပ်ရေးအတွက် ဖွဲ့စည်း

ထားသောအဖွဲ့မှ ပုံစံ(က)အား ဖြည့်စွက်၍ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီသို့ နေ့စဉ်ပေးပို့ရပါမည်။ စက်မှုဇုန်မရှိသော မြို့နယ်များအနေဖြင့် စက်ရုံများမှ မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနသို့လည်းကောင်း၊ မြို့နယ် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနသို့လည်းကောင်း တိုက်ရိုက်ပေးပို့ရပါမည်။

- စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီမှ စက်ရုံများက ပေးပို့လာသော ခါတ်ခွဲအတည်ပြုလူနာ/ သံသယလက္ခဏာရှိသူ/ Close Contact ဖြစ်သူ/ Contact ဖြစ်နိုင်ခြေရှိသူ အလုပ်သမားများ စာရင်းအား ပုံစံ(ခ)ဖြင့် ပြုစု၍ ယင်းပုံစံ(ခ)နှင့်အတူ စက်ရုံများမှပေးပို့လာသော ပုံစံ(က)များကိုပါ ပူးတွဲ၍ မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနသို့လည်းကောင်း၊ မြို့နယ် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသို့လည်းကောင်း နေ့စဉ်သတင်းပေးပို့ရမည် ဖြစ်ပါသည်။ (Nil Report ဖြစ်နေသော ပုံစံ (က)များအား ပူးတွဲပေးပို့ရန် မလိုပါ)
- မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနသို့လည်းကောင်း၊ မြို့နယ်အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ် အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနသို့လည်းကောင်း ပုံစံ(ခ)ဖြင့် နေ့စဉ်သတင်းပို့ရမည် ဖြစ်ပါသည်။
- တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အောက်ဖော်ပြပါ email များသို့ ပုံစံ(ခ)ဖြင့် နေ့စဉ်ပေးပို့နိုင်ပါရန် အကြောင်းကြားအပ်ပါသည်-

(၁) ဒေါက်တာကေခိုင်အေး(ဖုန်း- ၀၉၄၂၀၁၀၇၈၁၆၊ kaykhineaye@mohs.gov.mm)

(၂) ဒေါက်တာခိုင်ခိုင်စိုး(ဖုန်း- ၀၉ ၄၂၁၀၄၆၃၅၄၊ khaingkhaingsoe@mohs.gov.mm)

<u>သတင်းပို့ရမည့်ပုံစံ(က)</u>

**စက်ရုံအဆင့် Covid-19 ခေတ်ခွဲအတည်ပြုလူနာ/ သံသယလက္ခဏာရှိသူ/ Close Contact ဖြစ်သူ/ Contact ဖြစ်နိုင်ခြေရှိသူများ စောင့်ကြပ်ကြည့်ရှု သတင်းပေးပို့ခြင်း(နေ့စဉ်)**

**စက်ရုံအမည် –** **စက်ရုံ လိပ်စာ –**

**စုစုပေါင်းအလုပ်သမားဦးရေ –** **မြို့နယ်အမည် –**

**စက်မှုဇုန်အမည် –** **တိုင်းဒေသကြီး/ပြည်နယ် –**

**သတင်းပို့ကာလ –** ----/----/၂၀၂၀ ( ) နာရီမှ ----/----/၂၀၂၀ ( )နာရီအထိ

**သတင်းပေးပို့ရမည့် အကြောင်းအရာများ**

၁။ **ခေတ်ခွဲအတည်ပြုလူနာ–** ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ခေတ်ခွဲအတည်ပြုလူနာဟု စာရင်းထွက်ရှိပြီးသော လုပ်သားဦးရေ

၂။ **သံသယလက္ခဏာရှိသူ–** ဖျားခြင်း(အပူချိန် ၃၈° C/ ၁၀၀.၄° F နှင့်အထက်)၊ ချောင်းဆိုးခြင်း၊ အနံ့ပျောက်ခြင်း၊ အသက်ရှူရ ခက်ခဲခြင်းနှင့် အားအင်ကုန်ခမ်းခြင်း ဖြစ်နေသော အလုပ်သမားဦးရေ (သို့) COVID-19ရောဂါ စောင့်ကြည့်လူနာအဖြစ် သတ်မှတ်ခြင်းခံရသော အလုပ်သမားဦးရေ

၃။ **Close Contact ဖြစ်သူ–** COVID-19ရောဂါ ခေတ်ခွဲအတည်ပြုလူနာနှင့် လွန်ခဲ့သော(၁၄)ရက်အတွင်း ထိတွေ့မှုရှိခဲ့သော အလုပ်သမားဦးရေ (COVID-19 ခေတ်ခွဲအတည်ပြုလူနာနှင့် ၃ ပေ အကွာအဝေးအတွင်းတွင် ၁၅ မိနစ်ကျော် ကြာအောင် မျက်နှာချင်းဆိုင် ရှိခဲ့ဖူးခြင်း (သို့) COVID-19 ခေတ်ခွဲအတည်ပြုလူနာနှင့် ခန္ဓာကိုယ်ချင်း ထိတွေ့မှုရှိခဲ့ဖူးခြင်း (သို့) COVID-19 ခေတ်ခွဲအတည်ပြုလူနာနှင့် ၃ ပေအကွာအဝေးအတွင်း အရပ်လေးမျက်နှာတွင် အတူထိုင်၍ ဝန်ထမ်းကြို/ပို့ယာဉ် စီးနင်းခဲ့ဖူးခြင်း

၄။ **Contact ဖြစ်နိုင်ခြေရှိသူ–** ဖျားခြင်း(အပူချိန် ၃၈° C/ ၁၀၀.၄° F နှင့်အထက်)၊ ချောင်းဆိုးခြင်း၊ အနံ့ပျောက်ခြင်း၊ အသက်ရှူရ ခက်ခဲခြင်းနှင့် အားအင်ကုန်ခမ်းခြင်း ဖြစ်နေသော မိသားစုဝင်ရှိသည့် အလုပ်သမားဦးရေ (သို့) အသွားအလာကန့်သတ်ခြင်းခံရသူတို့နှင့် တစ်အိမ်တည်းတွင် အတူတကွနေထိုင်သော အလုပ်သမားဦးရေ

**ခေတ်ခွဲအတည်ပြုလူနာ/ သံသယလက္ခဏာရှိသူ/ Close Contact ဖြစ်သူ/ Contact ဖြစ်နိုင်ခြေရှိသူများစာရင်း**

| စဉ် | အမည် | အသက် | Sex | | ခေတ်ခွဲအတည်ပြုလူနာ | သံသယလက္ခဏာရှိသူ | Close Contact ဖြစ်သူ | Contact ဖြစ်နိုင်ခြေရှိသူ | နေရပ်လိပ်စာနှင့် ဖုန်းနံပါတ် |
|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | စုစုပေါင်း | | | | | | | | |

မှတ်ချက်– မရှိပါကလည်း မရှိကြောင်း သတင်းပေးပို့ရမည် ဖြစ်ပါသည်။ စာရင်းပို့ဦးရေမှာ ဖော်ပြပါဇယားထက် ကျော်လွန်နေပါက ကျောဘက်စာမျက်နှာတွင် ဇယားဆွဲ၍ ဆက်လက်ဖော်ပြနိုင်ပါသည်။

သတင်းပေးပို့သူလက်မှတ်---------------

အမည်-------------------------------

ရာထူး------------------------------

<u>သတင်းပို့ရမည့်ပုံစံ(ခ)</u>

## စက်မှုဇုန်/ မြို့နယ်/ တိုင်းနှင့် ပြည်နယ်အဆင့် Covid-19 ဓာတ်ခွဲအတည်ပြုလူနာ/ သံသယလက္ခဏာရှိသူ/ Close Contact ဖြစ်သူ/ Contact ဖြစ်နိုင်ခြေရှိသူများစာရင်းအား စောင့်ကြပ်ကြည့်ရှု သတင်းပေးပို့ခြင်း (နေ့စဉ်)

စက်မှုဇုန်/ မြို့နယ်အမည် – တိုင်းဒေသကြီး/ပြည်နယ် –

စုစုပေါင်းစက်ရုံအရေအတွက်–

သတင်းပို့ကာလ – ----/----/၂၀၂၀ (  ) နာရီမှ ----/----/၂၀၂၀ (  ) နာရီအထိ

၁။ ဓာတ်ခွဲအတည်ပြုလူနာ/ သံသယလက္ခဏာရှိသူ/ Close Contact ဖြစ်သူ/ Contact ဖြစ်နိုင်ခြေရှိသူများ စာရင်းပေးပို့သော စက်ရုံနှင့် ဦးရေစာရင်း

| စဉ် | စက်ရုံအမည် | စက်မှုဇုန်နှင့် မြို့နယ်အမည် | ဓာတ်ခွဲ အတည် ပြုလူနာ | သံသယ လက္ခဏာ ခံစားရသူ ဦးရေ | Close Contact ဖြစ်သူ ဦးရေ | Contact ဖြစ်နိုင် ခြေရှိသူ ဦးရေ | စက်ရုံရှိ စုစုပေါင်း လုပ်သား ဦးရေ |
|---|---|---|---|---|---|---|---|
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | စုစုပေါင်း | | | | | | |

၂။ ဓာတ်ခွဲအတည်ပြုလူနာ/ သံသယလက္ခဏာရှိသူ/ Close Contact ဖြစ်သူ/ Contact ဖြစ်နိုင်ခြေရှိသူများ သတင်းပေးပို့သော စက်ရုံများ စာရင်း

| သတင်းပေးပို့ သောစက်ရုံ အရေအတွက် | ဓာတ်ခွဲအတည်ပြုလူနာ/ သံသယလက္ခဏာရှိသူ/ CloseContact ရှိသူ/ Contact ဖြစ်နိုင်ခြေရှိသူများ ရှိသောစက်ရုံအရေအတွက် | လုပ်သားဦးရေ | | | |
|---|---|---|---|---|---|
| | | ဓာတ်ခွဲ အတည်ပြုလူနာ | သံသယ လက္ခဏာရှိသူ | Close Contact ဖြစ်သူ | Contact ဖြစ်နိုင်ခြေရှိသူ |
| | | | | | |

မှတ်ချက်– မရှိပါကလည်း မရှိကြောင်း သတင်းပေးပို့ရမည် ဖြစ်ပါသည်။ စာရင်းပို့ဦးရေမှာ ဖော်ပြပါဇယား(၁)ထက် ကျော်လွန်နေပါက ကျောဘက်စာမျက်နှာတွင် ဇယားဆွဲ၍ ဆက်လက်ဖော်ပြနိုင်ပါသည်။

သတင်းပေးပို့သူလက်မှတ်---------------

အမည်------------------------------

ရာထူး-----------------------------

ညွှန်ကြားရေးမှူးချုပ်ရုံး
ဝင်စာအမှတ် - ၅၄၆၇
ရက်စွဲ - ၁၆/၅

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ဝန်ကြီးရုံး

စာအမှတ်၊ ၁မဂ(COVID)၂၀၂၀/ ၁၆၆၅၅

ရက်စွဲ၊ ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ(၁၅)ရက်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးရုံး
စာအမှတ်
ရက်စွဲ
သို့

လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲ
ဝင်စာအမှတ် ၅၂၀၅၄
ရက်စွဲ ၁၆.၉.၂၀၂၀
အချိန် ၁၁:၃၀(AM)

ညွှန်ကြားရေးမှူးချုပ်

ပြည်သူ့ကျန်းမာရေးဦးစီးဌာန

အကြောင်းအရာ။ **COVID-19 ရောဂါနှင့်စပ်လျဉ်း၍ အလုပ်လာရောက်ရန် ပျက်ကွက်သော အလုပ်သမားဦးရေအား သတင်းပေးပို့ရမည့်ကိစ္စ အကြောင်းပြန်ကြားခြင်း။**

ရည်ညွှန်းချက်။ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ (၁၁-၉-၂၀၂၀)ရက်စွဲပါ စာအမှတ်၊ ပကရ/ပက-လငခ/စီမံ(၁၂)/၂၀၂၀(၄၆၃)

အထက်အကြောင်းအရာနှင့်ပတ်သက်၍ COVID-19 ရောဂါသည် ဒေသတွင်းကူးစက်မှုများ ပိုမိုများပြားလာသဖြင့် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းခွင်များ၊ အလုပ်ဌာနများတွင် လုပ်သားတစ်ဦး ရောဂါကူးစက်လာပါက အတူတကွ အလုပ်လုပ်ရသောလုပ်သားများ၊ မိသားစုဝင်များအား ရောဂါကူးစက်နိုင်မည့် အခြေအနေကို အချိန်မီ ထိရောက်စွာ ကာကွယ်နိုင်ရန်အတွက် နေ့စဉ်သတင်းပေးပို့ရေးကိစ္စအား ရည်ညွှန်းချက်ပါစာဖြင့် တင်ပြခြင်းအပေါ် ပူးတွဲပါအတိုင်း မှတ်ချက်ပြုထားပါသဖြင့် သိရှိနိုင်ပါရန်နှင့် လိုအပ်သည်များ ဆက်လက်ဆောင်ရွက်နိုင်ပါရန် အကြောင်းပြန်ကြားအပ်ပါသည်။

ပူးတွဲ။ **(၁)ရွက်**

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)

( ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ အမြဲတမ်းအတွင်းဝန် )

မိတ္တူကို-

ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန

ကန့်သတ်

D:\swe hlaing oo 2020\Dr AMO (COVID).doc